# အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**H. E ဒေါက်တာဆာဆာ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးပြည်ထောင်စုဝန်ကြီး၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူမှ စစ်အာဏာရှင်များနှင့်ပတ်သက်နေသော ပုဂ္ဂိုလ်များအပေါ် ဥရောပသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများပြုလုပ်ခြင်းအား ကြိုဆိုလိုက်ပါသည်။**

ရက်စွဲ။ ၂၁ ရက်နေ့ ဇွန်လ ၂၀၂၁ခုနှစ်

H. E ဒေါက်တာဆာဆာ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးပြည်ထောင်စုဝန်ကြီး၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူမှ စစ်အာဏာရှင်များနှင့်ပတ်သက်နေသော ပုဂ္ဂိုလ်များနှင့် စစ်ကောင်စီထိန်းချုပ်ထားသောအဖွဲ့အစည်းများအပေါ် ဥရောပသမဂ္ဂ၏ တတိယကြိမ်မြောက် အရေးယူ ပိတ်ဆို့မှုများပြုလုပ်ခြင်းအပေါ် ကြိုဆိုလိုက်ပါသည်။ ဤသည်နိုင်ငံတစ်ဝှမ်းရှိ အကြမ်းဖက်မှုများနှင့် သေဆုံးမှုများကို အဆုံးသတ်နိုင်သည့် နောက်ထပ်ကြီးမားသည့် ခြေလှမ်းတစ်ခုဖြစ်ပါသည်။

**သတင်းထုတ်ပြန်ချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။**

'၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော စစ်အာဏာသိမ်းမှုနှင့် ငြိမ်းချမ်းစွာဆန္ဒပြသူများကို ဖိနှိပ်မှုများတွင် **ပတ်သက်မှုရှိသည့် လူပုဂ္ဂိုလ် ၈ဦး၊ စီးပွားရေး အဖွဲ့အစည်း ၃ ခု နှင့် စစ်မှုထမ်းဟောင်းအဖွဲ့အစည်းများ**အပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများကို ကောင်စီမှ ယနေ့ချမှတ်ခဲ့ပါသည်။ ဥရောပသမဂ္ဂ၏ တင်းကျပ်စွာအရေးယူပိတ်ဆို့မှုများသည် အဓိကကျသော နိုင်ငံတကာမိတ်ဖက်များနှင့် ဆက်စပ်နေပါသည်။

အရေးယူဒဏ်ခတ်ခံရသူများတွင် **ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအပြင် ဒီမိုကရေစီနှင့်တရားဥပဒေ စိုးမိုးမှုအားနည်းခြင်း**နှင့် တိုင်းပြည်အတွင်း **လူ့အခွင့်အရေးချိုးဖောက်မှုများ**အတွက် တာဝန်ရှိသည့် **ရှေ့နေချုပ်** တို့ပါဝင်သည်။ အဖွဲ့ (၄)ဖွဲ့သည် **အစိုးရပိုင်**ဖြစ်စေ၊ **မြန်မာစစ်တပ်၏ထိန်းချုပ်မှု** အောက်တွင် ရှိသည်ဖြစ်စေ တပ်မတော်ဝင်ငွေ (သို့မဟုတ်) လှုပ်ရှားမှုများတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပံ့ပိုးသူများဖြစ်ပါသည်။ ကျောက်မျက်ရတနာနှင့် သစ်လုပ်ငန်းကဏ္ဍများကို ပစ်မှတ်ထားခြင်းအားဖြင့် ဤကန့်သတ်ချက်များသည် မြန်မာပြည်သူများအတွက် အလွန်အမင်း ထိခိုက်နစ်နာမှုများကို ရှောင်ရှား နိုင်ရန်နှင့်၊ စစ်အာဏာရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများမှ အကျိုးအမြတ် ရရှိစေရေးစွမ်းရည်ကို ကန့်သတ်ရန်ရည်ရွယ်သည်။

ယခုအခါ စုစုပေါင်း လူပုဂ္ဂိုလ် ၄၃ ဦး၊ အဖွဲ့အစည်း ၆ ခုတို့နှင့် အကျုံးဝင်သည့် ကန့်သတ် ချုပ်ချယ်မှုများတွင် **ပိုင်ဆိုင်မှုထိန်းချုပ်ခြင်း နှင့် စာရင်းသွင်းထားသည့်ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသို့ ရန်ပုံငွေများမရှိစေရန်** တားမြစ်ခြင်းတို့ပါဝင်သည်။ ထို့အပြင် စာရင်းဝင်သူများနှင့် သက်ဆိုင်သော ခရီးသွားလာခွင့်ပိတ်ပင်ထားမှုသည် ၎င်းတို့အား ဥရောပသမဂ္ဂပိုင်နက်အတွင်းသို့ ဝင်ရောက်ခြင်း (သို့မဟုတ်) ကူးသန်းခြင်းကိုတားဆီးနိုင်သည်။

ယခင်ချမှတ်ခဲ့သော ဥရောပသမဂ္ဂ၏ တင်းကျပ်သော ကန့်သတ်ချက်များလည်း ဆက်လက်ရှိနေမည် ဖြစ်သည်။ ၎င်းတို့တွင် ပြည်တွင်းဖိနှိပ်မှုအတွက်အသုံးပြုနိုင်သည့် **လက်နက်နှင့်ပစ္စည်း ကိရိယာများ** ပိတ်ဆို့ခြင်း၊ စစ်တပ်နှင့် နယ်ခြားစောင့်တပ်များအသုံးပြုရန် **နှစ်မျိုးသုံးပစ္စည်းများတင်ပို့မှု တားမြစ်ခြင်း၊** ပြည်တွင်းဖိနှိပ်မှုအတွက် အသုံးပြုနိုင်သည့် **ဆက်သွယ်ရေးများကို စောင့်ကြည့် နိုင်ရန်အတွက် ပစ္စည်းကိရိယာများတင်ပို့မှုကို ကန့်သတ်ခြင်း** တို့ပါဝင်ပြီး တပ်မတော်နှင့် စစ်ရေးလေ့ကျင့်မှုနှင့် စစ်ရေးပူးပေါင်း ဆောင်ရွက်မှုတို့ကိုလည်း တားမြစ်ထားသည်။

တင်းကျပ်စွာ ကန့်သတ်ချုပ်ချယ်သောလုပ်ဆောင်ချက်များသည် ဥရောပသမဂ္ဂ၏ ဘဏ္ဍာရေးအထောက်အပံ့ များကို အစိုးရသို့တိုက်ရိုက်ဝင်ရောက်ခြင်းနှင့် စစ်အာဏာရှင်အား တရားဝင်ဖြစ်စေမည့် ဥရောပသမဂ္ဂ အထောက်အပံ့များကို ပိတ်ဆို့ခြင်းတို့ပါဝင်သည်။

ဥရောပသမဂ္ဂသည် မြန်မာပြည်သူလူထုများနှင့်အတူ တိုင်းပြည်၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အမြဲ ထောက်ခံအားပေးသူအဖြစ် ဆက်လက်ရှိနေပါသည်။

ဥရောပသမဂ္ဂသည် လူသားချင်းစာနာမှု၊ ကြားနေမှု၊ ဘက်မလိုက်မှုနှင့် လွတ်လပ်မှုစသည့် နိယာမ များအရ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆက်လက်ပေးအပ်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ၎င်းတို့သည် တိုင်းပြည်အတွင်းရှိ နေရပ်စွန့်ခွာသော အိုးအိမ်မဲ့များနှင့် ပဋိပက္ခဖြစ်ပွားနေသော လူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ယူရို ၂၀.၅ သန်းကို လူသားချင်း စာနာထောက်ထားမှု အကူအညီ အဖြစ် ခွဲဝေချထားခဲ့သည်။ ဤကိစ္စတွင် အာဆီယံ၏ လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးရေး စင်တာနှင့် ပူးပေါင်းရန်အဆင်သင့်ရှိနေပါသည်။ ဥရောပသမဂ္ဂ အနေဖြင့် မြန်မာနိုင်ငံရှိ ဒုက္ခသည်များ၊ အိုးအိမ်မဲ့ ပြည်သူများနှင့် လိုအပ်နေသူများကို လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ လျင်မြန်စွာ ဘေးကင်းလုံခြုံမှုနှင့် အဟန့်အတားမရှိ ရရှိစေရန် အရေးကြီးကြောင်း အလေးအနက်ထားပါသည်။

သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို တရားဝင် ဂျာနယ်တွင် ဖော်ပြခဲ့သည်။’

**H.E. ဒေါက်တာဆာဆာ၏ ထုတ်ပြန်ချက်။**

“ယနေ့ ကျွန်ုပ်အနေဖြင့် ဥရောပသမဂ္ဂအား မြန်မာပြည်သူများကို ထောက်ခံအားပေးခြင်းနှင့် ကိုယ်စားပြုသော အသံအဖြစ် ဦးဆောင်မှုပေးခြင်းအပြင် စစ်အာဏာရှင်နှင့် ပတ်သက်နေသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်း များအပေါ် တင်းကျပ်ပြင်းထန်သော ပစ်မှတ်ထားပိတ်ဆို့မှုများ ချမှတ်ခြင်းအတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ ဥရောပသမဂ္ဂသည် ကျွန်ုပ်တို့၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အခိုင်အမာ ထောက်ခံသူဖြစ်ပြီး၊ မြန်မာပြည်သူလူထုနှင့်အတူ ဆက်လက်ရပ်တည် ထောက်ခံအားပေးမှုများအတွက် မြန်မာပြည်သူ ၅၄ သန်း ကိုယ်စား ကျွန်ုပ်စိတ်ရင်းအမှန်ဖြင့် ကျေးဇူးတင်ကြောင်းပြောကြားလိုပါသည်။

မြန်မာပြည်သူများနှင့် မှန်ကန်စွာရွေးကောက်တင်မြှောက်ထားသည့် မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရ အား ဆက်လက်ထောက်ခံအားပေးရန်နှင့် ရက်စက်ကြမ်းကြုတ်သော တရားမဝင် စစ်ကောင်စီ (SAC) ၏ အာဏာသိမ်းပိုက်မှုကို ရပ်တန့်ရန်အတွက် ကမ္ဘာတစ်ဝှမ်းလုံးရှိ နိုင်ငံအားလုံးကို ကျွန်ုပ်တို့နှင့်အတူရပ်တည်ပြီး ထောက်ခံပေးရန် တိုက်တွန်းအပ်ပါသည်။ အထူးသဖြင့် နိုင်ငံအားလုံးကို စစ်ကောင်စီနှင့် ၎င်း၏အဖွဲ့အစည်းများပေါ် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ ထိတွေ့ဆက်ဆံမှုများ မပြုလုပ်ရန်နှင့် သံတမန်ရေးအရဖြစ်စေ စီးပွားရေးအရဖြစ်စေ ပိုမိုထိရောက်စွာညှိနှိုင်းပြီး ပစ်မှတ်ထားသော အရေးယူပိတ်ဆို့မှုများပြုလုပ်နိုင်ရန် မေတ္တာရပ်ခံအပ်ပါသည်။ ဤကဲ့သို့ပိုမိုတင်းကျပ်သော ကန့်သတ်ချက်များ နှောင့်နှေးကြန့်ကြာသည်နှင့်တစ်ပြိုင်နက် အသက်ဆုံးရှုံးမှု ပိုမိုများပြားလာပြီး ထောင်နှင့်ချီသော မြန်မာပြည်သူများသည် မိမိတို့အိုးအိမ်များကိုစွန့်ခွာထွက်ပြေးကြရပြီး သူတို့၏ ပိုင်ဆိုင်မှုအားလုံးကိုစွန့်လွှတ်ကြရသည်။ ကျွန်ုပ်တို့အားလုံးအတူတကွ ဤအရာများကို တစ်ကြိမ်တည်းနှင့် တစ်ခါတည်း အဆုံးသတ်နိုင်ရန်နှင့် မြန်မာပြည်သူလူထုအားလုံးအတွက် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အတူတကွတည်ဆောက်နိုင်ရန်အတွက် အဆွေတို့၏ အကူအညီကိုလိုအပ်လျက်ရှိသည်။

မြန်မာ့သမိုင်း၏ အမှောင်ဆုံးအချိန်မှာ ရဲစွမ်းသတ္တိရှိသော မြန်မာပြည်သူ ၅၄ သန်းနှင့် မားမားမတ်မတ် ရပ်တည်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့၏တောင်းဆိုချက်များကို အသိအမှတ်ပြုခြင်းနှင့် သင်တို့၏ ထောက်ခံအားပေးမှုများကြောင့် နောင်လာမည့်မျိုးဆက်များအတွက် ကျွန်ုပ်တို့သည် အဆွေတို့၏သစ္စာရှိ မိတ်ဖက်များ၊ မိတ်ဆွေများနှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ အဖြစ်ဆက်လက်တည်ရှိရန် သေချာစေလိမ့်မည်ဖြစ်သည်။

**H.E. ဒေါက်တာဆာဆာ**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးပြည်ထောင်စုဝန်ကြီး၊

အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ၊

မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ်ဟောင်း

Read the full press release:
https://www.consilium.europa.eu/en/press/press-releases/2021/06/21/myanmar-burma-third-round-of-eu-sanctions-over-the-military-coup-and-subsequent-repression/